# အတည်ပြုကြပါစို့၊ အနိမ့်ဆုံးလုပ်အားခ!

## လုပ်ငန်းရှင်ရော၊ အလုပ်သမားပါ၊ အချင်းချင်း။



ရုံးဝန်ထမ်း၊ Part-time၊
အချိန်ပိုင်းအလုပ်
လုပ်ကိုင်နေသူများ၊
ကျောင်းသားများစသည့်
အလုပ်လုပ်နေသောသူအားလုံးနှင့်
အလုပ်ခန့်ထားသူများအတွက်
စည်းမျဉ်းဖြစ်ပါသည်။

## ဆအိတမစီရင်စု အနိမ့်ဆုံးလုပ်အားခ

2023ခုနှစ်
အောက်တိုဘာလ
1ရက်နေ့မှစ၍
တစ်နာရီလျှင်

# 1,028 ယန်း

ယမန်နှစ်ထက်
41ယန်း
UP

ミャンマー語版

အနိမ့်ဆုံးလုပ်အားခဆိုသည်မှာ အလုပ်သမားများအားလုံးအတွက် လုပ်အားခ၏အနိမ့်ဆုံးငွေပမာဏကို အာမခံချက်ပေးသော စနစ်ဖြစ်ပါသည်။

WEB မှာစစ်ဆေးပါ။

အနိမ့်ဆုံးလုပ်အားခနှင့် ပတ်သက်သည့် အထူး ဝက်ဘ်ဆိုက် (ဂျပန်ဘာသာဖြင့်သာ):

最低賃金制度 検索

အနိမ့်ဆုံးလုပ်အားခနှင့် ပတ်သက်၍ ဆအိတမအလုပ်သမားဦးစီးဌာန သို့မဟုတ် အနီးအနားရှိ အခြေခံအလုပ်သမားကြီးကြပ်ရေးရုံးသို့ စုံစမ်းမေးမြန်းနိုင်သည်

埼玉労働局 検索

လုပ်အားခတိုးမြှင့်ရေး အထူးသတ်မှတ် စာမျက်နှာ (ဂျပန်ဘာသာဖြင့်သာ):
လုပ်အားခတိုးမြှင့်ရေးအတွက် ပံ့ပိုးမှုစီမံချက်စသည်တို့ကို ဖော်ပြထားသည်။

賃金引上げ特設ページ 検索

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက်

業務改善助成金

အမြင့်ဆုံး ယန်းသောင်း600အား ထောက်ပံ့မည်

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

# "အနိမ့်ဆုံးလုပ်အားခစနစ်" ဆိုသည်မှာ

## အလုပ်သမားများအားလုံးအတွက် လုပ်အားခ၏အနိမ့်ဆုံးငွေပမာဏ (အနိမ့်ဆုံးလုပ်အားခ) ကို အာမခံချက်ပေးသော စနစ်ဖြစ်ပါသည်။

အသက်အရွယ်နှင့် အချိန်ပိုင်းအလုပ်၊ ကျောင်းသားအချိန်ပိုင်းအလုပ် စသည့် အလုပ်သမားများ၏ ခြားနားချက်နှင့် မသက်ဆိုင်ဘဲ အလုပ်သမားအားလုံးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။



## စစ်ဆေးရမည့်နည်းလမ်းက ဘယ်လိုလဲ။

စစ်ဆေးချင်သည့် လုပ်အားခ(*1) ကို တစ်နာရီစာလုပ်အားခမှာထားပြီး အနိမ့်ဆုံးလုပ်အားခ (တစ်နာရီစာလုပ်အားခ) နှင့် နှိုင်းယှဉ်ကြည့်ရအောင်။

### အနိမ့်ဆုံးလုပ်အားခနှင့် နှိုင်းယှဉ်ပုံနည်းလမ်း

သင်၏ လုပ်အားခနှင့် သက်ဆိုင်ရာ စီရင်စုနယ်၏ အနိမ့်ဆုံးလုပ်အားခပမာဏကို ဖြည့်သွင်းကြည့်ရအောင်။ (*2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| **1** နာရီစားဖြစ်ပါက | | | | | တစ်နာရီစာလုပ်အားခ ယန်း | ≥ | အနိမ့်ဆုံးလုပ်အားခ(တစ်နာရီစာလုပ်အားခ) ယန်း |
| **2** နေ့စားဖြစ်ပါက | နေ့စားခ ယန်း | ÷ | ၁ရက်၏ ပျမ်းမျှသတ်မှတ်ထားသော အလုပ်ချိန် နာရီ | = | တစ်နာရီစာလုပ်အားခ ယန်း | ≥ | အနိမ့်ဆုံးလုပ်အားခ(တစ်နာရီစာလုပ်အားခ) ယန်း |
| **3** လခစားဖြစ်ပါက | လခ ယန်း | ÷ | ၁ လ၏ ပျမ်းမျှသတ်မှတ်ထားသော အလုပ်ချိန် နာရီ | = | တစ်နာရီစာလုပ်အားခ ယန်း | ≥ | အနိမ့်ဆုံးလုပ်အားခ(တစ်နာရီစာလုပ်အားခ) ယန်း |

**4** အထက်ဖော်ပြပါ **1, 2, 3** ကိုပေါင်းလိုက်သည့်အခါ

ဥပမာအနေဖြင့် အခြေခံလုပ်အားခသည် နေ့စားခဖြင့်ရပြီး အခြား ထောက်ပံ့စရိတ်အသီးသီး (ဝတ္တရားအရ ထောက်ပံ့စရိတ် စသည်) ကို လခဖြင့်ရပါက

❶ အခြေခံလုပ်အားခ (နေ့စားဖြစ်ပါက) → နည်းလမ်း **2** အတိုင်းတွက်ချက်၍ တစ်နာရီစာလုပ်အားခကိုထုတ်သည်
❷ ထောက်ပံ့စရိတ်အသီးသီး (လခစားဖြစ်ပါက) → နည်းလမ်း **3** အတိုင်း တစ်နာရီစာလုပ်အားခကို တွက်ချက်မည်
❸ ❶ နှင့် ❷ ကိုပေါင်းပြီးသည့် ပမာဏ ≥ အနိမ့်ဆုံးလုပ်အားခ (တစ်နာရီစာလုပ်အားခ)

(*1) အနိမ့်ဆုံးလုပ်အားခ ပမာဏ နှင့် နှိုင်းယှဉ်၍ အောက်ပါ လုပ်အားခကို ထည့်သွင်းမည် မဟုတ်ပါ။ ① အထူး ပေးချေသည့် လုပ်အား (မင်္ဂလာဆောင် ထောက်ပံ့စရိတ်၊ စသည်) ② ၁ လကြာ ကျော်လွန်ပြီးတိုင်း ပေးချေသည့် လုပ်အားခ (ဘောနပ်စ်၊ စသည်) ③ သတ်မှတ်ထားသော အလုပ်ချိန်ကို ကျော်လွန်သည့် အလုပ်လုပ်ချိန်အတွက် ပေးချေသည့် လုပ်အားခ (အချိန်ပိုကြေး အတွက် တိုးလာသည့် လုပ်အားခ စသည်) ④ သတ်မှတ်ထားသော အလုပ်လုပ်ရက် ထက်ပိုသည့် အလုပ်လုပ်ရက်အတွက် ပေးချေသည့် လုပ်အားခ (ပြဋ္ဌာန်းထားသော နားရက်တွင်အလုပ်လုပ်ခြင်းအတွက် တိုးလာသည့် လုပ်အားခ စသည်) ⑤ ည ၁၀ နာရီမှ မနက် ၅ နာရီအထိ အလုပ်လုပ်ခြင်းအတွက် ပေးချေသည့် လုပ်အားခသည် သာမန်အလုပ်လုပ်ချိန်၏ လုပ်အားခ၏ စုစုပေါင်းငွေပမာဏ ကိုကျော်လွန်သည့် ဝေစု (ညဘက် အလုပ်လုပ်ခြင်း အတွက် တိုးလာသည့် လုပ်အားခ စသည်) ⑥ အလုပ်ပျက်ရက်မရှိ ထောက်ပံ့စရိတ်၊ သယ်ယူပို့ဆောင်ရေး ထောက်ပံ့စရိတ် နှင့် မိသားစုထောက်ပံ့စရိတ်
(*2) အသေးစိတ်တွက်ချက်သည့်နည်းလမ်းနှင့် ကော်မရှင်ပေးသည့်အခါ တွက်ချက်သည့်နည်းလမ်း စသည်တို့ကို အလုပ်သမားဦးစီးဌာန သို့မဟုတ် အနီးအနားရှိ အခြေခံအလုပ်သမားကြီးကြပ်ရေးရုံးသို့ ဆွေးနွေးနိုင်သည်

## အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်စလုံး အနိမ့်ဆုံးလုပ်အားခကို သေသေချာချာ စစ်ဆေးရမည်။

စမတ်ဖုန်း၊ လက်ကိုင်ဖုန်းတွင် မိမိနေထိုင်ရာ ဒေသ၏ အနိမ့်ဆုံးလုပ်အားခကို စစ်ဆေးကြည့်ရအောင်။ (ဂျပန်ဘာသာဖြင့်သာ)

### အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက်

လုပ်အားခတိုးမြှင့်မှုအား ပံ့ပိုးပေးသော ထောက်ပံ့ငွေအား တက်ကြွစွာ အသုံးချလိုက်ကြရအောင်။

**業務改善助成金**

အမြင့်ဆုံး ယန်းသောင်း 600အား ထောက်ပံ့မည်

စီးပွားရေးပြုပြင်မွမ်းမံမှုထောက်ပံ့ငွေ ဖုန်းခေါ်ဆိုမှုစင်တာ **0120-366-440**

### "စီးပွားရေးပြုပြင်မွမ်းမံမှုထောက်ပံ့ငွေ" ဆိုသည်မှာ

"စီးပွားရေးပြုပြင်မွမ်းမံမှုထောက်ပံ့ငွေ" ဆိုသည်မှာ ကုန်ထုတ်လုပ်မှုစွမ်းအားကိုတိုးတက်စေပြီး "လုပ်ငန်းခွင်အတွင်း အနိမ့်ဆုံးဖြစ်သော လုပ်အားခ (လုပ်ငန်းခွင်အတွင်းအနိမ့်ဆုံးလုပ်အားခ)" ကိုတိုးမြှင့်ရန်ကြိုးစားနေသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အသေးစားစီးပွားရေးလုပ်ငန်းများကို ထောက်ပံ့မည့် ထောက်ပံ့ငွေဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာ ရင်းနှီးမြှုပ်နှံမှုစသည်တို့ကို လုပ်ဆောင်ထားပါက ငွေထောက်ပံ့ရန် လိုအပ်သည့်အချက်များနှင့်အညီ ထိုကုန်ကျစရိတ်၏တစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ပေးပါသည်။

အသေးစိတ်သည် ဤနေရာတွင် (ဂျပန်ဘာသာဖြင့်သာ) 業務改善助成金 検 索

**ငွေထောက်ပံ့ရန် လိုအပ်သည့် အချက်များ**

1. လုပ်ငန်းခွင်အတွင်းအနိမ့်ဆုံးလုပ်အားခကိုတိုးမြှင့်ခြင်း
2. တိုးမြှင့်ထားပြီးသောလုပ်အားခပမာဏကို ပေးချေခြင်း
3. ကုန်ထုတ်လုပ်မှုစွမ်းအားတိုးမြှင့်မှုကိုပံ့ပိုးမည့် ကိရိယာများနှင့် စက်ပစ္စည်းများကို တပ်ဆင်ခြင်း
4. ထုတ်ပယ်ခြင်း၊ လုပ်အားခလျှော့ချခြင်း ကဲ့သို့သော ခွင့်ပြုချက်မရှိသည့် အကြောင်းများမရှိပါ

▶ စက်ပစ္စည်းကိရိယာရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သော ကုန်ကျစရိတ်၏ တစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ခြင်း

ခြုံငုံသုံးသပ်ချက်ကို ဗီဒီယိုတွင် ကြည့်ပါ! (ဂျပန်ဘာသာဖြင့်သာ)

**ထောက်ပံ့ငွေပေးချေမှုအထိ အဆင့်ဆင့်**

1. လျှောက်လွှာပုံစံထုတ်ပေးခြင်း၊ လုပ်ငန်း အကောင်အထည်ဖော်မှုစီမံကိန်းစသည်တို့ကို လုပ်ငန်းတည်ရှိသည့် စီရင်စု၏ အလုပ်သမားဌာနသို့တင်ပြခြင်း
   ▶ စစ်ဆေးခြင်း
2. ခွင့်ပြုပြီးနောက် တင်ပြထားသည့်စီမံကိန်းအရလုပ်ငန်းကို အကောင်အထည်ဖော်ခြင်း
   ▶
3. အကောင်အထည်ဖော်မှုရလဒ် အစီရင်ခံစာ၊ ထောက်ပံ့ရန်လျှောက်လွှာ တို့ကို အလုပ်သမားဌာနသို့တင်ပြခြင်း
   ▶ စစ်ဆေးခြင်း
4. ငွေထောက်ပံ့ခြင်း

လုပ်ဆောင်ရန် အဆင့်ဆင့်ကို ဗီဒီယိုတွင် ကြည့်ပါ! (ဂျပန်ဘာသာဖြင့်သာ)

### ပညာရှင်နှင့် အခမဲ့ ဆွေးနွေးခြင်းကို အကောင်အထည်ဖော်ခြင်း

လုပ်အားခ တိုးမြှင့်ရေးတွင် စိတ်ပူပင်နေသည့် ပုဂ္ဂိုလ်များသည် အလုပ်သမား ပြုပြင်ပြောင်းလဲတိုးတက်ရေးအား အကူအညီပေးသည့် စင်တာတွင် ဆွေးနွေးတိုင်ပင်ပါ။

အသေးစိတ်သည် ဤနေရာတွင် (ဂျပန်ဘာသာဖြင့်သာ) 働き方改革推進支援センター 検 索

### အလုပ်လုပ်ခြင်းပုံစံဆန်းသစ်ပြောင်းလဲမှုမြှင့်တင်ခြင်း ထောက်ပံ့ငွေ

ဂျပန်ဘဏ္ဍာရေးအဖွဲ့ အစည်းတွင် လုပ်ငန်းခွင်အတွင်းအနိမ့်ဆုံးလုပ်အားခအားမြှင့်တင်ရန် ကြိုးပမ်းနေသော လုပ်ငန်းရှင်များအတွက် ပစ္စည်းကိရိယာရင်းနှီးငွေများနှင့် လည်ပတ်မှုရင်းနှီးငွေများအား ချေးငွေများ ဆောင်ရွက်ပေးနေပါသည်။

အသေးစိတ်သည် ဤနေရာတွင် (ဂျပန်ဘာသာဖြင့်သာ) 働き方改革推進支援資金 検 索

リサイクル適性Ⓐ
この印刷物は、印刷用の紙へリサイクルできます。

(R5.9)